American Red Cross

# လူမှုအသိုင်းအဝိုင်းခေါင်းဆောင် ဝမ်းနည်းကြေကွဲသူအတွက် စောင့်ရှောက်မှုစာအိတ်

အခြားသူများကို ကူညီရန်၊ သင့်ကိုကူညီခွင့်ပေးပါ



## စတင်ရန် လမ်းညွှန်ချက်အကျဉ်းချုပ်

ဤစာအိတ်ထဲတွင် သင့်လူမှုအသိုင်းအဝိုင်းများအတွက် Red Cross ၏ အကူအညီအစီအစဉ်ဖြစ်သော Virtual Family Care Assistance Center (VFAC) မှတစ်ဆင့် redcross.org/vfac တွင် အခမဲ့ရယူနိုင်သော စာရွက်စာတမ်းများနှင့် ပံ့ပိုးကူညီမှုများနှင့် ချိတ်ဆက်ပေးရန်အတွက် သင့်လို လူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များ အသုံးပြုနိုင်သော စာရွက်စာတမ်းအမျိုးမျိုး ပါဝင်ပါသည်။

ထုတ်ထားသောစာရွက်စာတမ်းများ (ပါဝင်သည်)





ပိုစတာအကြီးစား



ဝမ်းနည်းကြေကွဲစာများ



ပူဆွေးသောကကြုံ
ရသော မိသားစုများ
အတွက် လမ်းညွှန်စာအုပ်

ထုတ်ထားသော စာရွက်စာတမ်းများ ပိုမိုလိုအပ်ပါသလား။ ဒေသခံ Red Cross Chapter အဖွဲ့ကို ______________________ တွင် ဆက်သွယ်ပါ။

ဒီဂျီတယ် ပံ့ပိုးမှုအချက်အလက်များ (အီးမေးလ်တွင် လင့်ခ်ကို ဒေါင်းလုဒ်ယူပါ)



လူမှုဆက်သွယ်ရေး မီဒီယာ တင်ပြချက်များ



အီးမေးလ်စာသား



ဒီဂျီတယ်ပိုစတာ



ပူဆွေးသောကကြုံရသော မိသားစုများအတွက် ဒီဂျီတယ်လမ်းညွှန်စာအုပ်

# လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်များကို ပံ့ပိုးကူညီပါ



## ပူဆွေးသောကကြုံရသော မိသားစုများအတွက် လမ်းညွှန်စာအုပ်

ဤလမ်းညွှန်စာအုပ်သည် မိသားစုဝင်တစ်ဦးဦး ကွယ်လွန်သောအခါ ဘာလုပ်ရမည်ကို သိရှိစေရန်အတွက် အခြားသူများကို ကူညီရန်အတွက် ပြင်ဆင်ထားပါသည်။ မိသားစုဝင်ကွယ်လွန်၍ ဒုက္ခခံစားရသော သင့်အသိတစ်ဦးဦးထံသို့ ထုတ်ထားသောစာ သို့မဟုတ် ဒီဂျီတယ် လမ်းညွှန်စာအုပ် ပို့ပေးနိုင်သည်။ ဤလမ်းညွှန်စာအုပ်သည် ဘာလုပ်ရမည်ကို နည်းစနစ်ပုံစံ နှင့် စစ်ဆေးရန်စာရင်း ပေးအပ်ပြီး American Red Cross အဖွဲ့၏ VFAC အစီအစဉ် ပံ့ပိုးမှုအချက်အလက်များရှိရာသို့ ဆက်သွယ်ပေးသည်။

## ဝမ်းနည်းကြေကွဲစာများ

ဤစာအိတ်တွင် ဝမ်းနည်းကြေကွဲမှုကဒ် သုံးမျိုးပါဝင်သည်။ သင်သိရသော ဝန်ဆောင်မှုလက်ခံရရှိသူ သို့မဟုတ် လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်တစ်ဦးဦး အနေနှင့် COVID-19 ကြောင့် ၎င်း၏မိသားစုဝင် တစ်ဦးဦးကို ဆုံးရှုံးရပါက ပံ့ပိုးမှုအချက်အလက်များ ပါဝင်သည့် ကဒ်ကိုလည်း ပို့ပေးပါ။



**လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်သည် ဆုံးရှုံးမှုကိုခံစားရသည်။**
သင့်လူမှုအသိုင်းအဝိုင်းထဲတွင် လူတစ်ဦးဦးအနေနှင့် COVID-19 ကြောင့် မိတ်ဆွေ သို့မဟုတ် မိသားစုဝင် တစ်ဦးဦး ဆုံးရှုံးရသည်။



**ကိုယ်တိုင်စာရေးပါ။**
Red Cross ၏ ဝမ်းနည်းကြေကွဲစာထဲတွင် သင်ကိုယ်တိုင်စာရေးပြီး စာတိုက်မှတစ်ဆင့် စာပို့ပါ သို့မဟုတ် လူကိုယ်တိုင်သွားပေးပါ။



**လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်သည် ကဒ်ကိုလက်ခံရရှိသည်။**
လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင် အနေနှင့် သင်ကိုယ်တိုင်ရေးသောစာ ပါဝင်သည့်ကဒ်ကို လက်ခံရရှိပြီး ဖုန်း သို့မဟုတ် ဝက်ဘ်ဆိုက် မှတစ်ဆင့် Red Cross VFAC ထံမှ ပံ့ပိုးမှုအချက်အလက်များ ရရှိနိုင်ကြောင်းသိရှိပြီး ရယူနိုင်သည်။

# အချက်အလက်များကို မျှဝေပါ



## ပိုစတာများ

ပိုစတာများကို သင့်လုပ်ငန်းခွင်ရှိ လူအများ သွားလာသည့် ဧရိယာများတွင် ကပ်ထားပါ သို့မဟုတ် သင့်လူမှုအသိုင်းအဝိုင်း ရှိနေသည့် နေရာများတွင် ကပ်ထားပါ။ မိတ္တူများ ပိုမိုရရှိလိုပါက တောင်းဆိုနိုင်ပါသည်၊ သို့မဟုတ် ဒီဂျီတယ်ဖိုင်တွဲမှ စာများကို မိတ္တူထုတ်ယူနိုင်သည်။

**ပိုစတာများကပ်ထားရန် သင့်တော်သည့်နေရာအချို့။**

- လူမှုအသိုင်းအဝိုင်းစင်တာများ။
- ကျောင်းများ။
- စာကြည့်တိုက်များ။
- ဘုရားကျောင်းများ။
- စားသောက်ကုန်ဆိုင်များ။



---

## ဒီဂျီတယ် ပံ့ပိုးမှုအချက်အလက်များကို ရှာဖွေပါသလား။

ဒီဂျီတယ် ပံ့ပိုးမှုအချက်အလက်များ နှင့် လူသစ်အတွက် လမ်းညွှန်ချက်ကို ဒေါင်းလုဒ်ယူလိုလျှင် လင့်ခ်ပါသော အီးမေးလ်ကို ကြည့်ရှုစစ်ဆေးပါ။

မေးခွန်းများရှိပါသလား။ ဒေသခံ Red Cross Chapter အဖွဲ့ကို ______________________________ တွင် ဆက်သွယ်ပါ။